# ၁၆ ကြိမ်မြောက် ကက်သလစ် ဆရာတော်ကြီးများ၏ အထွေထွေ ဓမ္မညီလာခံမှ ဘုရားသခင်၏ လူများထံသို့ သဝဏ်လွှာ

ချစ်ခင်ရပါသော ညီအစ်ကိုမောင်နှမတို့၊

၁၆ ကြိမ်မြောက် ကက်သလစ် ဆရာတော်ကြီးများ၏ အထွေထွေ ဓမ္မညီလာခံ - ပထမပိုင်း ပြီးဆုံးခါနီးတွင် ကျွန်ုပ်တို့ အတူတကွ ဖြတ်သန်းရင်း ရရှိခဲ့ကြသော ကြွယ်ဝလှပသည့် အတွေ့အကြုံ ကောင်းများအတွက် ဘုရားသခင်အား ကျေးဇူးတင်ရှိပါသည်။ ကောင်းချီးမင်္ဂလာနှင့် ပြည့်ဝသောဤအချိန်ကို သင်တို့အားလုံး နှင့်အတူ လေးနက်စွာ ဆက်ဆံဆွေးနွေးရင်း ကျွန်ုပ်တို့ နေထိုင်ဖြတ် သန်းခဲ့ကြသည်။ သင်တို့၏ ဆုတောင်း မေတ္တာများ၊ မျှော်လင့်ချက်များ၊ မေးခွန်းများအပြင် သင်တို့စိုးထိတ်သော အရာများကို ဖော်ပြပြီး ကျွန်ုပ်တို့အား ပံ့ပိုးကူညီခဲ့ကြပါသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ် တောင်းဆိုခဲ့သည့်အတိုင်း အချိန်များစွာပေးရသော နားထောင်ခြင်း နှင့် ဝေဖန်ပိုင်းခြား သိမြင်ခြင်းလုပ်ငန်းစဉ်ကို အစပြုခဲ့ပြီဖြစ်ပါသည်။ သာသနာပြုနောက်လိုက် တပည့်တော်များသည် သန့်ရှင်းသော ဝိညာဉ်တော်မြတ်ဘုရား ၏ လမ်းညွှန်မှုဖြင့် "အတူတကွ ခရီးပြုခြင်း"ကို သခင်ယေဇူး ခရစ်တော်၏ လမ်းစဉ်အတိုင်း ကျင့်ကြံကာ မည်သူ့ကိုမှ ချန်လှပ်မထားဘဲ ဘုရားသခင်၏လူအားလုံးအတွက် လမ်းဖွင့်ပေးခဲ့ပါသည်။

စက်တင်ဘာလ ၃၀ ရက်နေ့ကတည်းက ရောမမြို့တွင် ကျွန်ုပ်တို့စုဝေးကျင်းပခဲ့ကြသည့် ဓမ္မညီလာခံ ပထမပိုင်းသည် ဤလုပ်ငန်းစဉ်၏ အရေးကြီးသောအဆင့်ဖြစ်သည်။ ၎င်းသည် မကြုံစဖူး အတွေ့အကြုံ တစ်ခုဖြစ်ကြောင်း နည်းလမ်းများစွာက ဖော်ပြနေကြပါသည်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်၏ ဖိတ်ခေါ်ချက်အရ အမျိုးသားများ၊ အမျိုးသမီးများသည် ခံယူထားသော ဆေးကြောခြင်းမင်္ဂလာ၏ အကျိုးကျေးဇူးအားဖြင့် ဆွေးနွေးပွဲများတွင်သာမက ဤဓမ္မညီလာခံ၏ မဲပေးခြင်းလုပ်ငန်းစဉ်တွင်လည်း ပထမဆုံးအကြိမ်အဖြစ် ပါဝင်ပြီး စားပွဲတစ်ဝိုင်းတည်းတွင် ထိုင်ခွင့်ရရှိခဲ့ပေသည်။ အပြန်အလှန်အကျိုးပြုသော ကျွန်ုပ်တို့၏ ခေါ်တော်မူခြင်းများ၊ စွမ်းဆောင်မှုများနှင့် ဓမ္မအမှုတော်ဆောင်ခြင်းတို့ကို ပေါင်းစပ်ခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်တော်ထွက်စကားတော်နှင့် အခြားသူများ၏ အတွေ့အကြုံများကို အလေးအနက်ထား နားထောင်ခဲ့ကြပါသည်။ ဝိညာဉ်တော်မြတ်ဘုရား၌ စကားပြောဆိုခြင်းနည်းလမ်းကို အသုံးပြုခြင်းဖြင့်၊ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်မြတ်ဘုရားက ယနေ့ သာသနာတော်အား မိန့်တော်မူသောအရာကို ပိုင်းခြားသိမြင်နိုင်ရန် ကြိုးပမ်းလျက် ကမ္ဘာတိုက်ကြီးတိုင်းမှ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းများ၏ ချမ်းသာမှုနှင့် ဆင်းရဲမှုများကို နှိမ့်ချစွာ မျှဝေခဲ့ပါသည်။ ထို့ကြောင့် ကက်သလစ်

သာသနာတော်၏ လာတင်းနှင့် အရှေ့တိုင်း ဓလေ့ထုံးတမ်းများအကြား အပြန် အလှန်ဖလှယ်မှုမြင့်တင်ရန် အရေးကြီးကြောင်းကိုလည်း ကျွန်ုပ်တို့တွေ့ကြုံခံစားခဲ့ရသည်။ အခြားသော ခရစ်ယာန် အသင်းတော်များနှင့် သာသနာ့အသိုင်းအဝိုင်းများမှ ကိုယ်စားလှယ်များ၏ပါဝင်မှုသည် ကျွန်ုပ်တို့၏ဆွေးနွေးချက်များကို နက်နက်ရှိုင်းရှိုင်းဖြစ်စေသည်။

ကျွန်ုပ်တို့၏ ဓမ္မညီလာခံသည် ကမ္ဘာ့အကျပ်အတည်းကာလအတွင်း ကျင်းပခဲ့ရပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့ထဲမှ အချို့သည် စစ်မက်ဖြစ်ပွားနေသည့်နိုင်ငံများမှ လာကြသောကြောင့် ဒဏ်ရာများနှင့် ဆိုးရွားသော မညီမျှမှုများက ကျွန်ုပ်တို့၏ ဆွေးနွေးပွဲများအတွင်း အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုရှိနေပြီး ကျွန်ုပ်တို့၏ နှလုံးသားထဲတွင် နာကျင်စွာ ပဲ့တင်ထပ်နေပါသည်။ အန္တရာယ်ရှိသော ရွှေ့ပြောင်းနေထိုင်မှု လမ်းကြောင်းကို လျှောက်လှမ်းရန် စိတ်ဆင်းရဲမှုနှင့် အကျင့်ပျက်ခြစားမှုများဖြင့် အတင်းအကြပ် ဖိအားပေးခံရသူများအတွက်လည်းကောင်း၊ အသက်အန္တရာယ်ထိခိုက်စေ သောအကြမ်းဖက်မှု၏ သားကောင် များအတွက်လည်းကောင်း ကျွန်ုပ်တို့ဆုတောင်းပေးခဲ့ပါသည်။ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်နေကြသော ကမ္ဘာတစ်ဝှမ်းလုံးရှိ အမျိုးသမီး၊ အမျိုးသားများနှင့်အတူ တစ်သားတည်းရှိကြောင်း၊ ၎င်းတို့အတွက်လည်း ကြိုးစားလုပ်ဆောင်နေကြောင်း အာမခံပါသည်။

ပုပ်ရဟန်းမင်းကြီး၏ မိန့်ကြားချက်အရ ကျွန်ုပ်တို့သည် အပြန်အလှန်နားထောင်ခြင်းနှင့် ကျွန်ုပ်တို့ကြားတွင် ဝိညာဉ်တော်မြတ်ဘုရား၌ တစ်လုံးတစ်ဝတည်းဖြစ်လိုသောဆန္ဒကို မွေးမြူရန် ဆိတ်ဆိတ်နေခြင်းကို အလေးထား ပြုလုပ်ခဲ့ကြပါသည်။ လက်ဝါးကပ်တိုင်မှာ အသက်တော်စွန့်တော်မူသော ခရစ်တော်ကို ငြိမ်သက်စွာ ထောက်ရှုဆင်ခြင်ခြင်းဖြင့် စည်းလုံးမှုအား ဆာငတ်လာပုံကို ကျွန်ုပ်တို့တွေ့ကြုံခံစားခဲ့ရသည်။ အမှန်စင်စစ်၊ လက်ဝါးကပ်တိုင်သည် ဤလောက၏ကယ်တင်ခြင်းအလို့ငှာ သူ့ကိုယ်သူအပ်နှံပြီး "လူအပေါင်းတို့သည် တလုံးတဝတည်းဖြစ်" (ယောဟန် ၁၇:၂၁) စေခြင်းငှာ သူ၏တပည့် တော်ကြီးများအား ခမည်းတော်ဘုရားထံ အပ်နှင်းခဲ့သည့် တစ်ခုတည်းသော ကာသီဒြယ် ဘုရားရှိခိုးကျောင်း ဖြစ်သည်။ ကျွန်ုပ်တို့၏လုပ်ငန်းအစတွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က ကျွန်ုပ်တို့အား သတိပေးခဲ့သည့် အတိုင်း ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းမှ ယူဆောင်လာသော မျှော်လင့်ချက်၌ ခိုင်မြဲစွာ စည်းလုံးခြင်းဖြင့်၊ တိုး၍တိုး၍ အရေးတကြီး ဖြစ်နေသော မြေကြီးနှင့် ဆင်းရဲသားများ၏ ငိုကြွေးသံများရှိသော ကျွန်ုပ်တို့၏ ဘုံကမ္ဘာမြေအိမ်ကို ကိုယ်တော်ထံ အပ်နှင်းထားပါသည်- "Laudate Deum!" ("ဘုရားသခင်ကို ချီးမွမ်းကြလော့။")

သိုးထိန်းအမှုတော်မြတ်ဆိုင်ရာနှင့် သာသနာပြုအဖြစ် ပြောင်းလဲခြင်းသို့ ပြင်းပြင်းထန်ထန် တောင်းဆိုမှုကို ကျွန်ုပ်တို့ နေ့စဉ် ခံစားခဲ့ရသည်။ အကြောင်းမူကား၊ သာသနာတော်၏တာဝန်မှာ မိမိကိုယ်မိမိ အာရုံစိုက်ခြင်း မဟုတ်ဘဲ ဧဝံဂေလိသတင်းကောင်းကို ကြေငြာဟောပြောရန်ဖြစ်ပြီး၊ ဤလောကကို

ချစ်တော်မူသော ဘုရားသခင်၏ အဆုံးမရှိ မေတ္တာတော်ကို အစေခံရန် ဖြစ်သည်။ (ယော ၃း၁၆)။ စိန့်ပီတာရင်ပြင်အနီးရှိ အိုးမဲ့အိမ်မဲ့လူများအား ဤဓမ္မညီလာခံအချိန်တွင် သာသနာတော်နှင့်ပတ်သက်သော ၎င်းတို့၏ မျှော်လင့်ချက်များကို မေးမြန်းသောအခါ၊ "ချစ်ခြင်းမေတ္တာ"ဟု ပြန်ဖြေကြသည်။ အောက်တိုဘာလ ၁၅ ရက်နေ့ ကျွန်ုပ်တို့၏ ဓမ္မညီလာခံကျင်းပနေသည့် ခရီးတစ်ဝက်တွင် ပုပ်ရဟန်းမင်းကြီးက စိန့်ထရေဇား၏ (Saint Thérèse of the Child Jesus) သတင်းစကားကို မိန့်ကြားခဲ့သလို ဤချစ်ခြင်းမေတ္တာသည် သာသနာတော်၏ ခိုင်မာသောနှလုံးသား၊ ပုဂ္ဂိုလ်သုံးပါး တစ်ဆူဘုရားနှင့် ကိုယ်တော်မြတ်စက္ကရမင်တူးတွင် ကိန်းဝပ်စံပွါယ်နေသော ခရစ်တော်၏ ချစ်ခြင်းမေတ္တာတို့တွင် အမြဲရှိနေရမည် ဖြစ်ပါသည်။ "ယုံကြည်မှု" သည် ကျွန်ုပ်တို့၏ ပေါင်းစည်းမှု၊ ကွဲပြားမှု၊ လိုအင်ဆန္ဒများနှင့် မေးခွန်းများကို လွတ်လပ် နှိမ့်ချစွာ ဖော်ပြရန် တုံ့ဆိုင်းမနေဘဲ ကျွန်ုပ်တို့ကြုံတွေ့ခဲ့ရသည့် သတ္တိရှိမှုနှင့် အတွင်းစိတ်လွတ်လပ်မှုကို ပေးဆောင်သည်။

ဓမ္မညီလာခံ ဒုတိယပိုင်း ကျင်းပမည့် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ မတိုင်မီ လများသည် "ဓမ္မညီလာခံ" ဟူသော စကားလုံးဖြင့် ဖော်ပြထားသော သာသနာပြုခြင်းဆိုင်ရာ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၌ လူတိုင်းကို အခိုင်အမာ ပါဝင်နိုင်စေမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဤသည်မှာ အယူဝါဒနှင့်မပတ်သက်သော်လည်း တမန်တော်ကြီးများ၏ ထုံးတမ်းစဉ်လာတွင် အမြစ်တွယ်နေသည့် အတွေ့အကြုံတစ်ခုဖြစ်သည်။ ဤလုပ်ငန်းစဉ်၏အစတွင် ပုပ်ရဟန်းမင်းကြီးက ကျွန်ုပ်တို့ အား သတိပေးသည့်အတိုင်း၊ သာသနာတော်၏ မိမိပတ်ဝန်းကျင်ရှိသူများကို ပြောင်းလဲပေးနိုင်သည့် အမှန်တရားဖြစ်သည့် ခိုင်မာသော အတူတကွခရီးပြုခြင်းကို မမွေးမြူပါက "တစ်လုံးတစ်ဝတည်းဖြစ်ခြင်းနှင့် သာသနာပြုခြင်းသည် တစ်နည်းတဖုံအားဖြင့် အကောင်အထည်မပြနိုင်သော အန္တရာယ်ရှိသည်။ (...) လူတစ်ဦးတစ်ယောက်ချင်းစီ၏ အမှန်တကယ် ပါဝင်မှုကို အားပေးခြင်း (အောက်တိုဘာ ၉ ရက်၊ ၂၀၂၁)။ စိန်ခေါ်မှုများစွာနှင့် မေးခွန်းပေါင်းမြောက်မြားစွာရှိသည့် ဓမ္မညီလာခံပထမပိုင်း၏ အနှစ်ချုပ်အစီရင်ခံစာသည် ကျွန်ုပ်တို့ရရှိထားသော သဘောတူညီချက်များအား သတ်မှတ်ပေးမည်ဖြစ်ပြီး၊ အဖွင့်မေးခွန်းများကို မီးမောင်းထိုးပြကာ ကျွန်ုပ်တို့၏လုပ်ငန်းကို မည်သို့ဆက်လက် လုပ်ဆောင်မည်ကို ညွှန်ပြမည်ဖြစ်သည်။

၎င်း၏ ဝေဖန်ပိုင်းခြားသိမြင်မှု တိုးတက်စေရန်အတွက်၊ သာသနာတော်သည် အဆင်းရဲဆုံးသူမှ စတင်ကာ လူတိုင်း၏စကားကို နားထောင်ရန် လိုအပ်သည်။ ဤသည်မှာ ချီးကျူးစရာကောင်းသည့် လမ်းကြောင်းတစ်ခု ဖြစ်သလို ၎င်း၏ဘက်မှ ပြောင်းလဲမှုအတွက် လမ်းကြောင်းတစ်ခုလိုအပ်သည်- "ကောင်းကင်နှင့်မြေကြီး၏ အရှင်သခင်ဖြစ်တော်မူ သောအဖ၊ ကိုယ်တော်သည် ဤအရာများကို ပညာရှိများ ထံမှ ဝှက်ထား၍ ကလေးသူငယ်များအား ထုတ်ဖော်ပြသပေးသည့်အတွက် ကျေးဇူးတင်ပါ၏။" ( လုကာ ၁၀:၂၁)။ လူ့အဖွဲ့အစည်းတွင် ပြောဆိုခွင့်ငြင်းပယ်ခံရသော သို့မဟုတ် သာသနာတော်ကပင် ဖယ်ကျဉ်ခံရသည်ဟု ခံစားရသူများ၊ ပုံစံအမျိုးမျိုးဖြင့် လူမျိုးရေးခွဲခြားမှု၏ သားကောင်များ၊ အထူးသဖြင့် အချို့ဒေသများတွင်

သူတို့၏ ယဉ်ကျေးမှုများကို မထီမဲ့မြင်ပြုခံရသော ဌာနေတိုင်းရင်းသားများတို့ကို နားထောင်ပေးခြင်းကို ဆိုလိုသည်။ အထူးသဖြင့်၊ ကျွန်ုပ်တို့ခေတ်သာသနာတော်သည် သာသနာပြုအဖွဲ့ဝင်များ ကျူးလွန်ခဲ့သော အလွဲသုံးစားပြုမှု၏ သားကောင်များကို နားထောင်ပေးရန်၊ ပြောင်းလဲခြင်းစိတ်ဓာတ်ဖြင့် နားထောင်ပေးရန် တာဝန်ရှိပြီး ယင်းကဲ့သို့ ထပ်မံမဖြစ်ပွားစေရန် တိကျသေချာသော ဖွဲ့စည်းတည်ဆောက်ပုံဖြင့် မိမိကိုယ်ကို ကတိသစ္စာပြုရန် တာဝန်ရှိပါသည်။

သာသနာတော်သည် ၎င်းတို့၏ ဆေးကြောခြင်းကျေးဇူးတော်ကြောင့် သန့်ရှင်းခြင်းသို့ခေါ်တော်မူခြင်း ခံရသော သာမန် ဘာသာတူ အမျိုးသမီးများနှင့် အမျိုးသားများ၏စကားကိုလည်း နားထောင်ရန် လိုအပ်သည်။ အခြေအနေများစွာတွင် ဧဝံဂေလိတရား၏ ပထမဆုံးကြွေးကြော်သူများဖြစ်သည့် ဓမ္မဆရာ/မများ၏ သက်သေခံချက်များ၊ ကလေးများ၏ ရိုးရှင်းမှုနှင့် တက်ကြွမှု၊ လူငယ်များ၏ စိတ်အားထက်သန်မှု၊ ၎င်းတို့၏ မေးခွန်းများ၊ တောင်းဆိုမှုများ၊ အိပ်မက်များ၊ ဉာဏ်ပညာနှင့် သက်ကြီးရွယ်အိုများ၏ အမှတ်တရများ တို့ကိုလည်း နားထောင်ရန် လိုအပ်သည်။ သာသနာတော်သည် မိသားစုများ၏ သင်ကြားမှု၊ ၎င်းတို့၏ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ ယနေ့ကမ္ဘာတွင် ဝေမျှနေသော ခရစ်ယာန်သက်သေခံ စကားများကိုလည်း နားထောင်ရန် လိုအပ်သည်။ သာမန်ဘာသာတူများ၏ အမှုတော်ဆောင်ခြင်းတွင် ပါဝင်လိုသူများ၊ ဝေဖန်ပိုင်းခြားသိမြင်မှုနှင့် ဆုံးဖြတ်ချက်ချသည့် ဖွဲ့စည်းပုံများတွင် ပါဝင်လိုသူများ၏ အသံကို ကြိုဆိုရန် လိုအပ်သည်။

ဓမ္မညီလာခံနှင့်ဆိုင်သော ဝေဖန်ပိုင်းခြားသိမြင်မှုတွင် ပိုမိုတိုးတက်စေရန်၊ အထူးသဖြင့် သာသနာတော်သည် သိက္ခာတော်ရ ဓမ္မအမှုတော်ဆောင်များ၏ စကားလုံးများနှင့် အတွေ့အကြုံများကို ပို၍ပင်စုဆောင်းရန် လိုအပ်သည်။ ဆရာတော်နှင့် အဓိက လက်တွဲလုပ်ဆောင်နေသူများ ဖြစ်သော ဘုန်းတော်ကြီးများ၏ စက္ကရမင်တူးများနှင့်ဆိုင်သော အမှုတော်ဆောင်ခြင်းသည် သာသနာတော်တစ်ခုလုံးအတွက် မရှိမဖြစ် အရေးကြီးပါသည်။ ဦးပဥ္စင်းကြီးများသည် သူတို့၏ အမှုတော်ဆောင်ခြင်းအား ဖြင့် ထိခိုက်လွယ်ဆုံးသော သူများကို သာသနာတော်တစ်ခုလုံး၏ ကြည့်ရှုစောင့်ရှောက်ပေးမှုကို ထင်ရှားစေပါသည်။ သစ္စာသုံးပါးခံ သူတော်စင်များ၏ ပရောဖက်ပြုချက်ဆိုင်ရာ အသံ၊ ဝိညာဉ်တော်မြတ်ဘုရား၏ သတိပေးချက် ခေါ်သံများ အားဖြင့် သာသနာတော်သည် မိမိကိုယ်တိုင် မေးခွန်းထုတ်ရန် လိုအပ်သည်။ သာသနာတော်သည် သူမနှင့် ယုံကြည်ခြင်း မတူသော်လည်း အမှန်တရားကိုရှာဖွေနေသူများအားလုံးနှင့် “ပါစကားနက်နဲရာ အချက်များနှင့် ဆက်စပ်နိုင်ခြေရှိသည့်” (Gaudium et Spes 22, 5) ဝိညာဉ်တော်မြတ်ဘုရား ကိန်းဝပ်ပြီး လုပ်ဆောင်နေတော်မူသည့်လူတိုင်းကို အာရုံစိုက်နေ ရန်လိုအပ်ပါသည်။

“ကျွန်ုပ်တို့နေထိုင်တဲ့ ကမ္ဘာနှင့် ကျွန်ုပ်တို့ကို ချစ်မြတ်နိုးပြီး အမှုတော်ဆောင်ရန် ဖိတ်ခေါ် ခံရသော ကမ္ဘာသည် ၎င်း၏ ဆန့်ကျင်ဘက်ဖြစ်နေသည့်တိုင် သူမ၏ သာသနာပြုခြင်း နယ်ပယ်အားလုံးတွင်

ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် သာသနာတော်ကို တောင်းဆိုထားပါတယ်။ ဒါဟာ အတိအကျပြောရရင် တတိယထောင်စုနှစ် သာသနာတော်ရဲ့ ဘုရားသခင်မျှော်လင့်ထားတဲ့ အတူတကွ ခရီးပြုခြင်းလမ်းကြောင်းပဲ” (ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၊ အောက်တိုဘာလ 17၊ 2015)။ ဤဖိတ်ခေါ်မှုကို တုံ့ပြန်ရန်ကျွန်ုပ်တို့ ကြောက်ရွံ့နေဖို့ မလိုအပ်ပါ။ ခရီးတွင် ပထမဆုံးသောသူဖြစ်သည့် သာသနာတော်၏မိခင်မယ်တော်မာရီးယားသည် ကျွန်ုပ်တို့နှင့်အတူ လိုက်ပါနေပါသည်။ ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်း၌၊ မယ်တော်သည် ကျွန်ုပ်တို့အား သူမ၏ သားတော်ကို ပြသပြီး ယုံကြည်ခြင်းရှိရန် ကျွန်ုပ်တော်တို့ကို ဖိတ်ခေါ်နေပါသည်။ သခင်ယေဇူးသည် ကျွန်ုပ်တို့၏ တစ်ခုတည်းသော မျှော်လင့်ချက် ဖြစ်ပါသည်။

Vatican City, October 25, 2023

ဗာတီကန်မြို့တော်၊ အောက်တိုဘာ ၂၅၊ ၂၀၂၃